# ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများရုံး (OPWDD)
# နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများ (DD)

Developmental Disabilities (Mayan)

ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများ (DD) သည် ရုပ်ပိုင်းဆိုင်ရာ၊ လေ့လာသင်ယူမှု၊ ဘာသာစကား သို့မဟုတ် အပြုအမူ နယ်ပယ်များတွင် ချို့ယွင်းနေမှုကြောင့်ဖြစ်သည့် အခြေအနေများအစုဖြစ်သည်။ အမေရိကန်ပြည်ထောင်စုရှိ ကလေးခြောက်ဦးတွင် တစ်ဦးခန့်သည် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများ သို့မဟုတ် အခြားဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးမှုများရှိသည်။ အခြားအခြေအနေ သို့မဟုတ် မသန်စွမ်းမှုများနှင့် နှိုင်းယှဉ်ပါက ထိုတစ်ဦးအတွက် လေ့လာသင်ယူမှုနှင့် ကြီးထွားမှုတွင် ပြဿနာဖြစ်စေနိုင်ပါသည်။

**OPWDD မှတစ်ဆင့် ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်ပြည့်မီရန်:**

- မသန်စွမ်းမဟုတ်သော ၎င်းတို့၏ ရွယ်တူများနှင့် နှိုင်းယှဉ်ကြည့်လျှင် ၎င်းတို့၏ လုပ်ဆောင်နိုင်မှု စွမ်းဆောင်ရည်ကို ကန့်သတ်ထားသည့် သိသာသောစိန်ခေါ်မှုများ။
- ရောဂါတစ်ခုဖြင့် အသက် ၂၂ နှစ် မတိုင်မီ မသန်စွမ်းဖြစ်ခြင်း
    - အသိဉာဏ် မသန်စွမ်းခြင်း
    - ဦးနှောက်အကြောသေရောဂါ
    - အတက်ရောဂါ
    - အော်တစ်ဇင်
    - မျိုးရိုးလိုက် အာရုံခံအာရုံကြောဆိုင်ရာရောဂါ
    - အလွန်အကျွံ စားသုံးခြင်းနဲ့ ကြီးထွားနှုန်း မူမမှန်ခြင်း
    - အရက်ကြောင့်ဖြစ်သောသန္ဓေသားရောဂါ
    - အာရုံကြောဆိုင်ရာ ချို့ယွင်းမှု
    - ယေဘုယျ အသိဉာဏ်ဆိုင်ရာလုပ်ဆောင်မှု သို့မဟုတ် လိုက်လျောညီထွေဖြစ်သော အပြုအမူတွင် ချို့ယွင်းမှုဖြစ်စေသည့် အခြားအခြေအနေတစ်ခုခု။

**မွေးစမှ အသက် ခုနှစ်နှစ် (၇) အထိ ကလေးများ**

- တိကျတဲ့ ရောဂါတစ်ခု မလိုအပ်ပါ။
- တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ဆောင်နိုင်မှု နယ်ပယ်များတွင် ၁၂-လ နှောင့်နှေးခြင်း လိုအပ်သည်။
    - ရုပ်ပိုင်းဆိုင်ရာ၊ သိမြင်တတ်ခြင်းဆိုင်ရာ၊ ဘာသာစကား၊ လူမှုရေးနှင့် လိုက်လျောညီထွေဖြစ်သော ဖွံ့ဖြိုးမှု။
    - လုပ်ဆောင်နိုင်မှုနယ်ပယ်တစ်ခုတွင် ၃၃% နှောင့်နှေးခြင်း သို့မဟုတ် လုပ်ဆောင်နိုင်မှုနယ်ပယ် နှစ်ခုတွင် ၂၅% နှောင့်နှေးခြင်း။ ဥပမာအားဖြင့်၊ ကလေးတစ်ဦးသည် အပြောနှင့် လက်ပိုင်းဆိုင်ရာ ကြွက်သားသန်မာအားကောင်းဖွံ့ဖြိုးမှု နှစ်ခုလုံးတွင် သိသာထင်ရှားသည့် နှောင့်နှေးမှုများရှိပါလိမ့်မည်။
    - သတ်မှတ်ထားသည့်စံနှင့်ကိုက်ညီသည့် စမ်းသပ်မှု ရမှတ်များ( လုပ်ဆောင်နိုင်မှုနယ်ပယ်တစ်ခုတွင် ပျမ်းမျှတန်ဖိုးအောက် စံသွေဖည်ကိန်း ၂ ခု သို့မဟုတ် လုပ်ဆောင်နိုင်မှုနယ်ပယ်နှစ်ခုတွင် ပျမ်းမျှတန်ဖိုးအောက် စံသွေဖည်ကိန်းရမှတ် ၁.၅ )။
    - အသက် ခုနှစ်နှစ် (၇) တွင် သတ်မှတ်ချက်ပြည့်မီမှုအတွက် ပြန်လည်အကဲဖြတ်မည်ဖြစ်သည်။

**သင်သိခဲ့ပါသလား။**

- အမေရိကန်ပြည်ထောင်စုရှိ လူပေါင်း ၆ သန်းကျော်သည် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများ ရှိနေသည်။
- ကြီးထွားမှု သို့မဟုတ် ကျွမ်းကျင်မှု၏ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော နယ်ပယ်များတွင် နှောင့်နှေးကြာဟမှု အဖြစ်မြင်ရသည့် “ဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးမှုများ” သည် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများနှင့် ကွဲပြားသည်။
- နယူးယောက်ပြည်နယ် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများရုံး (OPWDD) သည် အသိဉာဏ် မသန်စွမ်းခြင်း၊ အော်တစ်ဇင်၊ သူငယ်နာအကြောတင်း၊ အတက်ရောဂါ၊ မျိုးရိုးလိုက် အာရုံခံအာရုံကြောဆိုင်ရာရောဂါနှင့် အာရုံကြောဆိုင်ရာ ချို့ယွင်းမှု (အနာတရဖြစ်ခြင်း၊ ပုံမမှန်ခြင်း သို့မဟုတ် ဗဟိုအာရုံကြောစနစ်နှင့်သက်ဆိုင်သည့်ရောဂါ) အပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများဖြစ်နေသည့် နယူးယောက်မြို့သား ၁၂၆,၀၀၀ ကျော်အတွက် ညှိနှိုင်းဆောင်ရွက်ရေး ဝန်ဆောင်မှုများ နှင့်စပ်လျဉ်း၍ တာဝန်ရှိပါသည်။

PARENT NETWORK OF WESTERN NEW YORK

www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

IDEAs that Work
U.S. Office of Special Education Programs

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို သေချာပေါက် ကိုယ်စားမပြုပါ။

# ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများရုံး (OPWDD)
# နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုများ (DD)

Developmental Disabilities (Mayan)

**OPWDD ဝန်ဆောင်မှုများ**

**ဖရန့်ထ်ဒေါ**

မသန်စွမ်း ကလေး သို့မဟုတ် အရွယ်ရောက်ပြီးသူတစ်ဦးအား ပြုစုစောင့်ရှောက်ရန်အတွက် နယူးယောက်ပြည်နယ်မှ ဝန်ဆောင်မှုများနှင့် အကူအညီ ရယူနိုင်ရန်၊ သင့်အနေဖြင့် "ဖရန့်ထ်ဒေါ" ကို ဝင်ရောက်ရန် လိုအပ်ပါလိမ့်မည်။ ဖရန့်ထ်ဒေါသည် အသိဉာဏ် သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူတစ်ဦးအတွက် ဝန်ဆောင်မှုများ ရှာဖွေနေသူများအတွက် နယူးယောက်ပြည်နယ်၏ ဝင်ပေါက်(လမ်းစ)ဖြစ်သည်။

**ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့အစည်းများ (CCO's)**

ပြုစုစောင့်ရှောက်ရေး ညှိနှိုင်းဆောင်ရွက်မှုအဖွဲ့အစည်းများ(CCO's) သည် မသန်စွမ်းသူများအတွက် နေအိမ်နှင့် ရပ်ရွာအခြေပြု ဝန်ဆောင်မှုများအပြင် ကျန်းမာရေးဝန်ဆောင်မှုများ နှစ်ခုလုံးအတွက် ညှိနှိုင်းဆောင်ရွက်ပေးပါလိမ့်မည်။

**ပံ့ပိုးကူညီမှု**

OPWDD မှတစ်ဆင့် ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်ပြည့်မီသည်ဟု တွေ့ရှိရသူများအတွက် ရရှိနိုင်မည့် ပံ့ပိုးကူညီမှုများ ရှိပါသည်။ ဤဝန်ဆောင်မှုများသည် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုဖြစ်နေသူများ သူတို့၏ဘဝတွင် ရှင်သန်နေထိုင်ရေး၊ အသစ်သစ်သောအကြောင်းအရာများအား လေ့လာရေး၊ အလုပ်ခန့်အပ်ခံရရေးနှင့် အပန်းဖြေလှုပ်ရှားမှုများတွင် ပါဝင်နိုင်ရေး ကူညီပေးရန် စီစဉ်စီမံထားခြင်းဖြစ်ပါသည်။

**WNY မိသားစုပံ့ပိုးကူညီမှု အစီအစဉ်များ၏ မိဘများကွန်ရက်**

- သတ်မှတ်ချက်ပြည့်မီသော
- မိသားစုအပြုအမူဆိုင်ရာပံ့ပိုးကူညီမှု
- မိသားစုပံ့ပိုးကူညီမှုနှင့် ထောက်ခံအားပေးမှု အစီအစဉ်
- မိဘပညာရေးအလုပ်ရုံဆွေးနွေးပွဲများ

**သင့်ပိုမို**
**လေ့လာလေ**

- တစ်သက်တာအစီအမံသည် ဝန်ဆောင်မှုလိုအပ်ချက်များအားလုံးကို ဖြေရှင်းပေးသင့်သည့် အလွန်အသေးစိတ်ကျသည့် လူကိုဗဟိုပြုသော ပြုစုစောင့်ရှောက်မှု အစီအစဉ်ဖြစ်သည်။ ၎င်းကို မကြာခဏ *(အနည်းဆုံး တစ်နှစ်လျှင်နှစ်ကြိမ်)* ပြန်လည်ဆန်းစစ်ပြီး လူတစ်ဦးချင်းစီ၏ ဘဝရည်မှန်းချက်များနှင့် ပြောင်းလဲနေသည့် လိုအပ်ချက်များအပေါ် အခြေခံ၍ လိုအပ်သလို မွမ်းမံပြင်ဆင်ထားပါသည်။

- ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုဖြစ်နေသူများသည် ပြည့်စုံသော ရေရှည်ဝန်ဆောင်မှုများမှ အကျိုးရရှိပါသည်။ ဤဝန်ဆောင်မှုများသည် မသန်စွမ်းသူများအား ပိုမို အကျိုးဖြစ်ထွန်းစေပြီး ပိုမို အမှီအခိုကင်းလာစေရန် ကူညီပေးပါသည်။

*အကိုးအကားများနှင့် အချက်အလက်အား ထောက်ပံ့ပေးခဲ့သည်*

*-www.opwdd.ny.gov*
*-cdc.gov/features/dsdev_disabilities*
*-ici.umn.edu*

*ပိုမိုသော အချက်အလက်အတွက် parentnetworkwny.org တွင်ကြည့်ရှုပါ။*

PARENT NETWORK OF WESTERN NEW YORK

www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

IDEAs that Work
U.S. Office of Special Education Programs

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို သေချာပေါက် ကိုယ်စားမပြုပါ။